ပုသိမ်မြို့နယ်

မဒေါ်ကုန်းကျေးရွာအုပ်စု

ကွင်းလေးကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၉-၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကွင်းလေးကျေးရွာ၊ ပုသိမ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ် ၊ ဇွန် လ

**မာတိကာ**

စကားချီး

ကျေးရွာသယံဇာတပြမြေပုံ၊ပုသိမ်မြို့နယ်

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝရင်းမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမှီမှု-
လမ်းတံတား၊လျှပ်စစ်စွမ်းမား၊သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅)

ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(၇)

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့်အထက်အဆင့်မှကူညီဖြေရှင်းပေးရမည့်ကိစ္စများ

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချိန်ကာလ

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဆက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ)

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

ဇယား၁ - လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား၂ - လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား၃ - လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား၄ - ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား၅ - ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား၆ - ဥတုရာသီဥတုအခြေအနေ

ဇယား၇ - ဈေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား၈ -

ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား၉ - ကျေးရွာ၏ထိခိုက်သက်ရောက်မှုလွယ်သောအခြေအနေ

ဇယား၁၀ - ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား၁၁ - ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား၁၂ - ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား၁၃ - ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား၁၄ - ကျေးရွာ၏ရေရင်းမြစ်နှင့်ရေသွင်းဧရိယာ

ဇယား၁၅ - အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား၁၆ - ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား၁၇ - သီးနှံထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား၁၈ - သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၁၉ - မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ - မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား ၂၁ - မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ - စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ

ဇယား၂၃ -

စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ - ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ

ဇယား ၂၅ - ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း

ဇယား ၂၆ - ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား ၂၇ - ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီသူအခြေအနေ

ဇယား ၂၈ - ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း

ဇယား၂၉ -

သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

ဇယား ၃၀ -

မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတက်မြောက်မှုနှုန်း

ဇယား ၃၁ - ကျောင်းတက်နှုန်း

ဇယား ၃၂ - စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား ၃၃ - ပညာရေးအခက်အခဲများနှင့်ပြဿနာများ

ဇယား ၃၄ - အဖြစ်များသောရောဂါများ

ဇယား ၃၅ - လွန်ခဲ့သော၁၂လအတွင်းကာကွယ်ဆေးထိုးနှံမှု

ဇယား ၃၆ - ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား ၃၇ - သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ - အိမ်သာအမျိုးအစား

ဇယား ၃၉ - ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ - ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ - ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ - ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ - သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ - လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား ၄၅ - ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

ဇယား ၄၆ - ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၄၇ - ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု

ဇယား ၄၈ - မူခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ (၂)
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

( ပြဿနာဆန်းစစ်ခြင်းနှင့်ဖြေရှင်းနည်းအထိ )

ကိုးကားစာရင်း

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည်၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကွင်းလေးကျေးရွာ၏ ကျေးရွာသူ/သားများပါဝင်ရေးဆွဲထားသည့်ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကိုယခင်ကာလများကစီစဉ်ချမတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့်စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်

ရှက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူတကွချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည်လက်ရှိကာလအတွင်းရရှိသည့်အချက်အလက်များကိုသာအားပြုထားသော်လည်းနောက်ကာလများတွင်ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ဤစီမံကိန်းတွင်ပါဝင်သောလုပ်ငန်းများသည်ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုအခြေအနေကာလပေါ်မူတည်၍ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ကိုင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြို့နယ်အဆင့်အစိုးရဌာနများ၏အကြံပြုချက်များ၊ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း (၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။အကောင်အထည်ဖော်မည့် ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအမိကဖော်ပြထားပါသည်။အပိုင်း (ခ)သည်စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကွင်းလေးကျေးရွာ

ပုသိမ်မြို့နယ်

**အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်**

၁။ **နိဒါန်း**

**(က) ရည်ရွယ်ချက်**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံတော်အတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသ

ပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ေြောင်းသိရှိရပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူထုကိုယ်တိုင်တက်ကြွစာပါဝင်ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်တွင်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်းသတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အကြောင်းရင်းခံချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်၎င်း တို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနို င်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)၊နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထုအမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွ က်ရမည့်လုပ်ငန်းများကိုပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင်းကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေ းအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်၊) နိုင်ငံတကာအစိုးရမဟုတ်သော

အဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုေကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းပြုလုပ်လာနိုင်ပါသည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခုဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျေးရွာလူထုဦးဆောင်ပါဝင်သောလုပ်ကိုင်နည်းဖြင့်စုပေါင်းရေးဆွဲကြသောကြောင့်အမြင်ရှင်းလင်းမှုဖြစ်စေကာဖွံ့ဖြိုးမှုဖြစ်စဉ်အတွက်လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြပါသည်။ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလူထုပါဝင်စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုအပေါ်မူတည်၍နောက်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကွင်းလေးကျေးရွာသည် ပုသိမ်မြို့နှင့် (၁၁)မိုင်ကွာဝေးပါသည်။ ကျေးရွာ၏ ပုံသဏ္ဍာန်သည် လေးထောင့်ပတ်ပတ်လည်တွင် အင်းနှင့်လယ်ကွင်းများဖြင့် ဝန်းရံထားပါသည်။ ကွင်းလေးကျေးရွာ၏ အကျယ်အဝန်းမှာ(၇)ကေရှိပြီး နေထိုင်သူလူဦးရေ စုစုပေါင်း(၂၉၅)ယောက်ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာရှိလယ်မြေများမှာအသင့်အတင့်ရှိပြီး နေ့စားလုပ်ငန်းလုပ်ကိုင်သူ များပါသည်။

## ၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေးဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် နေထိုင်သူလူဦးရေ စုစုပေါင်း(၂၉၅)ယောက်ရှိပြီး ကျား (၁၄၇)၊မ (၁၅၁) ဦးဖြစ်ပါသည်။ ကျေးရွာတွင် ကရင်လူမျိုးများနေထိုင်ကြပြီး ကိုးကွယ်သည့်ဘာသာမှာ (၄)မျိုး ဖြစ်ပါသည်။ ၄င်းတို့မှာ ခရစ်ယာန်၊ ကတ်သလစ်၊ အဂါအသင်း၊ ဗုဒ္ဓဘာသာ ဖြစ်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကွင်းလေးကျေးရွာတွင် လယ်ယာလုပ်ကိုင်ပိုင်ဆိုင်သူမှာ (၁၃)ဦးသာ ရှိပါသည်။ နေ့စားလုပ်ငန်းလုပ်ကိုင်သူများပါသည်။ ထင်းခုတ်၊ ဝါးခုတ်၊ ကောက်စိုက်၊ ကောက်ရိတ် ကြုံရာကျပန်းအလုပ်များနှင့် အသက်မွေးကြပါသည်။ ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းပြီး ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် မြင့်မားပြီး ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု**

ကျေးရွာတွင် အိမ်ယာမြေမဲ့အိမ်ထောင်စုများ များပြားပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ ထင်းခုတ်၊ ဝါးခုတ်၊ ကောက်စိုက်၊ ကောက်ရိတ် ကြုံရာကျပန်းအလုပ်များနှင့် လုပ်ကိုင်ရှာဖွေရရှိနိုင်ပါသည်။ မိမိကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၈၀) ရာခိုင်နှုန်းဖြစ်သော (၁)ခုကို လေ့လာစမ်းသပ်မှုအရ ၎င်းတို့၏ (၉၀) ရာခိုင်နှုန်းမှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်အောင် စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေး (၂၀၀၀၀) ကျပ်မှ (၂၀၀၀၀၀)ကျပ် အထိ တင်ရှိနေကြပါသည်။ အိမ်ထောင်စုအားလုံး၏ (၆) ရာခိုင်နှုန်းသည် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုမျးမှ အလွန်ဆင်းရဲကာ မိသားစုဦးရေ များပြားကြသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင်ရွာသားများ အများစုသည် သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှု သင့်တင့်ပါသည်။ ကလေးသူငယ်အများစုသည်လည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါကို ယခုနှစ်ပိုင်းတွင် ဖြစ်ပွားမှုနည်းပါးသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးလူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့တွင်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအုပ်စုတွင် ရရှိနိုင်ကြပြီး ကားလမ်းဖြင့် ပြည်သူ့ဆေးရုံဆေးခန်းဆေးဆိုင်တို့တွင် အလွယ်တကူ လက်လှမ်းမှီပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် သင့်တင့်ရုံမျှသာရှိပါသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ တွက်ချက်မှုတို့ကို တက်မြောက်ပြီး ဘွဲ့ရ၊ တက္ကသိုလ် တက်ရောက်သူများ အသင့်အတင့်ရှိသည်။ ပညာရေးနှင့်ပတ်သက်၍ မူလတန်းကျောင်းရှိပါသည်။ ကျောင်းသည် ရွာရှေ့မြောက်ဘက်တွင်တည်ရှိပြီး ငွေဆောင်လမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ကျောင်းသည် တိုက်ခံ သွပ်မိုးဖြစ်၍ မိုးလုံလေလုံပါသည်။ လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးဆဲဖြစ်ပါသည်။

**(စ) ကျား-မရေးရာဆိုင်ရာ**

ကျေးရွာတွင်ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာလွတ်လပ်မှုရှိသည်။ကျေးရွာတွင်ကျား-မအကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည်သာမန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။နေ့တွက်လုပ်အားခမှာ အမျိုးသားများက ပိုမိုရကြသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၃)ဖွဲ့၊ ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း(၁)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ(၁)ဖွဲ့တို့ရှိသည်။ ၎င်းတို့အနက် ပြင်ပမှ ဖွဲ့စည်းပေးထားသော လူမှုရေးဆိုင်ရာ အဖွဲ့ ဖြစ်သည့် အမျိုးသမီးရေးရာမှာ လှုပ်ရှားဆောင်ရွက်မှု အားနည်းသည်။ မြန်မာ့အသေးစား ငွေချေးအဖွဲ့ကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစား ငွေစု/ငွေချေးလုပ်ငန်းကို လည်ပတ်ဆောင် ရွက်လျက်ရှိပါသည်။ အဖွဲ့အစည်းဆိုင်ရာ သဘောထားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင်နွေစပါးကို အဓိကထား၍ စိုက်ပျိုးကြသည်။ ကျေးရွာတွင် မွေးမြူရေးဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများ မွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ချေ။ မြေနေရာလုံလောက်မှုမရှိသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများမရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

အခြားဝင်ငွေရလုပ်ငန်းများမှာ သယ်ယူ ပို့ဆောင်မှု ဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်သယ်များ၊ အစိုးရဝန်ထမ်းများ၊ အထည်ချုပ် ဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းတို့ကြောင့် တွက်ချေကိုက်မှု နည်းပါးသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိပါသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ မုန့်လုပ်၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည်တို့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်ကြသော်လည်း ရွာသားအများစု သည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်တွင် ပညာအရည်အချင်း ပိုင်းတွင်လည်း အားနည်းကြပြီး သင်တန်းစရိတ်အကုန်အကျမခံနိုင်ရန်နှင့် လုပ်ငန်းထူထောင်ရန် လည်း မတက်နိုင်ကြပေ။

**(ဃ)သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

လယ်မြေများနှင့် ကျေးရွာစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တက်ခြင်းကြောင့် ပိုးသတ်ဆေး သုံးစွဲခြင်းနှင့် ဓါတ်မြေသြဇာများ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေး

ကျဆင်းလာနိုင်သည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်ကြရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသင့်ပါသည်။ အခါအား လျော်စွာကျရောက်တတ်သော မိုးများစွာရွာသွန်းခြင်းကြောင့် ရေကြီးရေလျှမ်းမိုးမှုများ ဖြစ်တတ်ပါသည်။ ။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်းပြား(၈၀)နှုန်းတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းသန့်ရှင်းရေး

ပညာရေးနှင့်ပတ်သက်၍ မူလတန်းကျောင်းရှိပါသည်။ ကျောင်းသည် ရွာရှေ့မြောက်ဘက်တွင်တည်ရှိပြီး ငွေဆောင်လမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ကျောင်းသည် တိုက်ခံ သွပ်မိုးဖြစ်၍ မိုးလုံလေလုံပါသည်။ ရွာသားအားလုံးသည် ရေးတတ်ဖတ်တတ်ကြသည်။ မူလတန်းအောင်ရာခိုင်နှုန်းမှာလည်း မြင့်မားသည်။ ကျောင်းတွင် ပရိဘောဂလုံလောက်ပြီး မူလတန်းပြဆရာမ(၇)ဦးတို့ရှိကြသည်။ ကျောင်းဆရာအင်အားလုံလောက်မှုရှိသည်။ မူလတန်း ကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ပံ့ပိုးပေးခဲ့သည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ သောက်ရေအတွက် မိုးရေလှောက်ကန်နှင့် ရေကန်ကိုသာ အသုံးပြုရသဖြင့် နွေရာသီတွင် သောက်ရေလုံလောက်မှုမရှိပါ။ တစ်ရွာလုံးနီးပါး

ယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲကျသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတက်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များသည် အပန်းဖြေအနားယူနိုင်မည့်အချိန် သီးသန့်မရှိပါ။ ကျေးရွာအတွင်းရှိ လူမှုရေး၊ ဘာသာရေးပွဲများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

**(ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်မီး၊သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာတွင် လျှပ်စစ်မီးကို တပ်ဆင်ထားခြင်း မရှိသေးပါ။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက် သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင် ကြသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းပါသည်။ကုန်စည်ကူးသန်း ရောင်းဝယ်မှုအဆင်ပြေပါသည်။သို့သော် ရွာသားများသည် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်ပါသည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။

ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများနှင့်ဆယ်အိမ်မှူး၊ယာအိမ်မှူးများကကြီးတဲ့အမှုသေးအောင်၊ သေးတဲ့အမှုပပျောက်အောင်စီစဉ်ဆောင်ရွက်ကြသည်။ကျေးရွာသည်ရဲစခန်းသို့အလွယ်တကူချတ်ဆ က်နိုင်ပြီးကျေးရွာတွင်ရာဇဝတ်မှုနည်းပါသည်။

**၅။ကျေးရွာဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ကျေးရွာဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်ခြေအနေများ**

ကျေးရွာတွင်လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ (၇၇)ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေး စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ပုသိမ်ပြည်သူ့ဆေးရုံသို့ သွားရောက်ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပုံပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားတွင် ကောင်းသောအဆင်တွင် ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့် ကောင်းမွန်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ ကျေးရွာတွင် တူးမြောင်းများ၊ ချောင်းများမှ နွေစပါး(၆၀)ဧကအတွက် ရေသွင်းစိုက်ပျိုးနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှုများ**

ကျေးရွာအတွင်းရှိ လယ်ယာမြေများမှ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်သည်မှအပ တခြားသယံဇာတများ မထွက်ရှိပါ။လယ်ယာမြေထပ်မံတိုးချဲ့ရန် မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပါသည်။ ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိရေးအတွက်

အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းအသိပညာ အထိအတွေ့တို့ အားနည်းပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်မဟာဗျူဟာ**

**(က)ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းလာမည့်ငါးနှစ်တာကာလအတွင်းကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်။ကုန်ထုတ်လုပ်မှုကောင်းခြင်း၊ပညာရေးကောင်းမွန်ခြင်း၊ကျန်းမာရေးကောင်းခြင်း၊ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားတိုးတက်ခြင်း၊လမ်းပြုပြင်ခြင်း၊စိုက်ပျိုးရေးနှင့်ရေလုပ်ငန်းများအဆင်ပြေမှုများကိုအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန်အောက်ပါအတိုင်းအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားပါမည်။

(ခ-၁)

ကျေးရွာတွင်အရင်းအနှီး၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကိုဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုတိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းနှင့်ချေးငွေများအတွက်မြို့နယ်ရှိဘဏ်များ၊ရင်းနှီးငွေရရှိနိုင်ရာအခြားနေရာများနှင့်ချိတ်

ဆက်ပေးမည်။။အရင်းအနှီးငွေများရရှိပါကစိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများထွန်းကား လာရေးအတွက်စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူမျ ားကတစ်ဖန်ကျေးရွာတွင်ရရှိထားသောနည်းပညာများကိုမျှဝေပြီးမိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင်အသုံးချကာထုတ်လုပ်မှုတိုးတက်စေသည်။

(ခ-၂)

ကျွန်ုပ်တို့သည်အပ်ချုပ်၊ဇာထိုးပန်းထိုး၊ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်၊မော်တော်ဆိုင် ကယ်ပြင်ဆိုင်နှင့်မိုဘိုင်းဖုန်းပြင်စေသောသင်တန်းများတက်ရောက်ရန်သင်တန်းသားများကို တက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ထိုသင်တန်းများသည်သင်တန်းသားများအတွက်ကျွမ်းကျင် မှုများကိုတိုးပွားရရှိစေပြီးဝင်ငွေလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန်အရင်းအနှီးလုပ်ငန်းအစီ အစဉ်နှင့်ချိတ်ဆက်ပေးမည်။

(ခ-၃)

ကျေးရွာတွင်စာသင်ကျောင်းဖွင့်လှစ်ခွင့်ရရှိရန်အစိုးရထံသို့တောင်းခံတင်ပြပြီးကျောင်းဆော င်ဖွင့်လှစ်ဆောက်လုပ်ခြင်းဖြင့်ကလေးငယ်များ၏အရည်အချင်းတိုးမြှင့်လာရန်အတွက်ဆော င်ရွက်မည်။

(ခ-၄)

ကျေးရွာတွင်ကျေးရွာလမ်းနှင့်ကျေးရွာစာကြည့်တိုက်ကျေးရွာ၏အခြေခံအဆောက်အ ဦးများတိုးတက်ကောင်းမွန်သောအဆောင်များဖွင့်လှစ်ခွင့်ရရှိအောင်ဆောင်ရွက်သွားမည်။တ စ်ချိန်တည်းတွင်ကျေးရွာအဆောက်အအုံများကိုအသုံးပြုစီမံခန့်ခွဲ၊ထိန်းသိမ်းရေးအတွက်စီမံ ခန့်ခွဲနိုင်စွမ်းကိုလည်းတိုးတက်အောင်ဆောင်ရွက်သွားကြသည်။ကျေးရွာလူမှုအဖွဲ့အစည်းမျာ

းကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကိုအကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင်ဆောင်ရွက်ရန်တိုက်တွန်းအားပေးဆောင်ရွက်သွားမည်။

**၇။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့်အထက်အဆင့်မှကူညီပြေရှင်းပေးရမည့်ကိစ္စများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပြုချက်အရဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့်ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိပံ့ပိုးပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။အနာဂတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းသတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များနှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင်စပါးအပြင်အခြားသီးနှံများစိုက်ပျိုးကြသည်။တောင်သူများအတွက်သီးနှံဖျက်ပိုးကျရောက်ခြင်းသည်အဓိကပြဿနာတစ်ရပ်ဖြစ်ပြီးဖျက်ပိုးထိရောက်စွာနှိမ်နင်းရေးအတွက်နည်းစန

စ်ရရှိရေးလိုအပ်ပါသည်။ဖျက်ပိုးနှိမ်နှင်းရေးအတွက်သက်ဆိုင်ရာဦးစီးဌာနများမှဝန်ဆောင်မှုများကို ရသော်လည်းစိုက်ပျိုးရေးတွက်ကုန်ပစ္စည်းများရောင်းချသည့်ပုဂ္ဂလိကအရောင်းဆိုင်များကိုမှီခိုအား ထားမှုပိုများသည်။သီနှံပျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာအသုံးပြုပုံများအပါအ ဝင်ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ်ရရှိရေးအတွက်စိုက်ပျိုးရေးဦးစီးဌာနကဦးစီးဦးရွက်ပြုသင့်ပါ သည်။

## (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်းဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများ အတွက်လိုအပ်သောချေးငွေရရှိရန်စနစ်များပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့်လယ်သမားများ နှင့်အသေးစားလုပ်ငန်းရှင်များသည်စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက်အထို က်အလျောက်များပြားသည့်ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူ ရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

## (ဃ)ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်အသေးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီးအလုပ်အကို င်နှင့်အမြတ်အစွန်းများရရှိရန်အထူးသဖြင့်လူငယ်နှင့်အမျိုးသမီးများအတွက်အခွင့်အလမ်းရှိပါသည်။ သို့သော်၎င်းတို့တွင်လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင်အားနည်းပါသည်။ကျေးရွာတစ်ခုလုံး၏အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ၊ကု န်ထုတ်ခြင်း၊စက်မှုလက်မှုလုပ်ငန်းအတွက်လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကိုကျေးရွာဖွံ့ဖြိုးရေးစီ မံကိန်းရေးဆွဲခြင်းအတွက်ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။နိုင်ငံတော်အစိုးရအနေဖြင့်လည်းစီးပွာ းရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီးမြို့နယ်အဆင့်စီမံခန့်ခွဲ

ရေးအောက်တွင်ထားရှိကာတစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထို့အဖွဲ့တွင်ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့်တိုးချဲ့ပညာပေးရန်ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီးမြို့နယ်ဒေသမှသည်ကျေးရွာအဆင့်ထိလိုအပ်သောစီးပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက်လုံလောက်သောရန်ပုံငွေလည်းရှိရပါသည်။

**၈။စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည်အကောင်အထည်ဖော်မည့်ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည်ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များရရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မှုဆိုင်ရာအဓိကသောချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုကငါးနှစ်တာစီမံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည်မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည်ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ထိခိုက်စရာများမပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ဘဲနောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါသည်။ထို့ကြောင့်ငါးနှစ်တာကာ

လကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါသည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း**

စီမံကိန်းစီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကိုစိစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဖွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မတ်ခြင်းသည်စီမံချက်များကိုအကဲဖြတ်ရာတွင်စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံးငွေရင်းအသုံးစရိတ်စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းသတ်မှတ်ခြင်း၊ဝန်ကြီးဌာနများ၊ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကိုသိရှိစေနိုင်သည်။

**ဦးစားပေးစီမံချက်များ**

| စဥ် | စီမံချက် | ဦးစားပေးဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၁ | A | A | A | A | A |
| ၂ | မူလတန်းကြိုကျောင်းဆောက်လုပ်ရန် | ၂ | A | A | A | A | A |
| ၃ | ဆိုလာမီးလင်းရေးရရှိရန်ဆောင်ရွက်ခြင်း။ | ၃ | A | A | A | A | A |
| ၄ | ကျေးရွာစာကြည့်တိုက်အကောင်အထည်ဖော်ခြင်း | ၄ | A | A | A | A | A |

**၉။ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျတ်ပမာဏများသည်ရည်ညွှန်းနမူနာအဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။အမှန်တကယ်လိုအပ်သောဘတ်ဂျတ်ပမာဏများအတွက်တွက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်အချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ဝန်ဆောင်မှုပေး

သည့်လုပ်ငန်းများထံမှဘတ်ဂျတ်အပါအဝင်စီမံချက်ပြုစုရေးဆွဲရာတွင်အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

**၁၀။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်းမှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါသည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ဥပမာ-
မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည်အသွေးတိုးတက်စေရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသောဖွံ့ဖြိုးရေးအဖွဲ့သည်ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါသည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်သည်။ဥပမာ-

လယ်သမားအဖွဲ့အစည်းသည်လယ်ယာထုတ်ကုန်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ**

စီမံကိန်းများ၏အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါသည်။ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါသည်။

- ❖ ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ
- ❖ စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းများတွင်ဖော်ပြထားသောကိစ္စများကိုသာကြီးကြပ်မှုပေးမှာဖြစ်ပြီးလုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့ခွဲ၏တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင်ကြီးကြပ်၍တာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနတာဝန်ယူပါမည်။ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြ

ြိုးရေးအဖွဲ့သည်တာဝန်ပေးထားသောအဖွဲ့ကိုဦးဆောင်၍ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းေ
ောင်ရွက်စေပါမည်။

**(ဃ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်ဌာနဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များ
ထားရှိမည်။ဥပမာ-
တံတားဆောက်လုပ်ခြင်းတွင်စေတနာအလျှောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းကို
ဆောင်ရွက်မည်။ထို့အပြင်တံတားပေါ်ကူးသန်းရောင်းဝယ်မည့်ပစ္စည်းပမာဏကိုကန့်သတ်သောစည်
းကမ်းများသတ်မှတ်မည်။

**၁၁။စီမံကိန်းအာစဉ်ဆက်မပြတ်လေ့လာရေးနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင်တိုးတက်မှုအေ
ြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ကြီးကြပ်စစ်ဆေးြ
ြင်းကိုရိုးရှင်းသောပုံစံဖြင့်သာဆောင်ရွက်ပါမည်။သို့မှသာရည်ရွယ်ချက်အတိုင်းအကဲဖြတ်စစ်ဆေးခြ
င်းကိုပြီးမြောက်နိုင်ပါလိမ့်မည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း**

အထူးသဖြင့်ကျွန်ုပ်တို့သည်ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏လုပ်ငန်းဆိုင်ရာတိုးတက်မှုနှင့်ငေ
ွကြေးဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျကြီးကြပ်စစ်ဆေးပါမည်။၎င်းစစ်ဆေးခြင်းိကု
(၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
၏စီစဉ်မှုဖြင့်သက်ဆိုင်ရာလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီးတို့ကတာဝန်
ကဏ္ဍအလိုက်စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီးသည်မိမိတို့၏ကနဦးသတင်းအချက်အလက်များရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည်စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့်ညွှန်းကိန်းများဖြစ်ပါမည်။

(၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင်အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည်၎င်းတို့၏စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကိုရွာလူထုအစည်းအဝေး၌အစီရင်ခံတင်ပြပါမည်။ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ဆောင်ရွက်ရမည့်ကိစ္စများကိုကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှဦးဆောင်ပါမည်။

(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည်အောက်ပါအချက်များအပေါ်ဦးတည်ပါမည်-

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့်ပြုပြင်သင့်သောအဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များ၊စုစည်းပြီးစီးမှု (မူလလျာထားချက်များနှင့်ညှိနှိုင်း၍)
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့်အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန်အဆိုပြုနည်းလမ်းများ

ကျေးရွာတွင်ဖွံ့ဖြိုးရေးအဖွဲ့သည်

(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့အစီရင်ခံပေးပို့ပါမည်။၎င်းအစီရင်ခံစာတွင်အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/

သားများပြုပြင်ပြောင်းလဲမည့်အစီစဉ်များလိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ပါဝင်ပါသည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလတစ်နှစ်ကုန်ဆုံးချိန်တွင်စီမံကိန်း၏တိုးတက်မှုအခြေအနေကိုဘတ်စုံရှုထောင့်မှပြန်လည်သုံးသပ်အကဲဖြတ်ကြပါသည်။ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံမှု၏ရည်ရွယ်ချက်မှာကျွန်ုပ်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏တိုးတက်မှုအခြေအနေများကိုအောက်ပါအဖွဲ့အစည်းပုဂ္ဂိုလ်များအားကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။

ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းပိုင်ရှင်များ)၊သတင်းမီဒီယာများ၊ဖွံ့ဖြိုးရေးများစသည်တို့ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲခြင်းနှင့်စီမံဆောင်ရွက်မည့်အစကနဦးကာလတွင်အချိန်ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့်အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့နည်းပညာအကူအညီများကိုမြို့နယ်အဖွဲ့အစည်းများထံမှလိုအပ်မည်ဖြစ်ပါသည်။

ထန်းကန့်လန့်ကျေးရွာအုပ်စု၊ ထန်းကန့်လန့်ကျေးရွာ၊ ကျေးရွာကော်မတီစာရင်း

| စဉ် | အမည် | အဖအမည် | ရာထူး |
| --- | --- | --- | --- |
| ၁ | ဦးမြင့်နိုင် | ဦးထွန်းငြိမ်း | ဥက္ကဋ္ဌ |
| ၂ | ဦးဇော်မြင့် | ဦးကိုညွန့် | အတွင်းရေးမှူး |
| ၃ | ဦးဖိုးဝင်း | ဦးကျော်သိန်း | ဘဏ္ဍာရေးမှူး |
| ၄ | ဦးဝင်းတင့် | | အဖွဲ့ဝင် |
| ၅ | ဦးအေးမင်း | | အဖွဲ့ဝင် |
| ၆ | ဦးမျိုးမင်းထိုက် | | အဖွဲ့ဝင် |
| ၇ | ဒေါ်ကြည်ကြည်ဦး | | အဖွဲ့ဝင် |
| ၈ | ဒေါ်ချောစုလှိုင် | | အဖွဲ့ဝင် |
| ၉ | ဦးအောင်ဆန်းဦး | | အဖွဲ့ဝင် |

မဒေါ့ကုန်းကျေးရွာအုပ်စု၊ ကွင်းလေးကျေးရွာ၊ ကျေးရွာကော်မတီစာရင်း

| **စဉ်** | **အမည်** | **ရာထူး** | **မှတ်ချက်** |
|---|---|---|---|
| ၁ | ဦးညီမြ | နာယက | |
| ၂ | ဦးသန်းအောင် | ဥက္ကဌ | |
| ၃ | ဦးသောင်းကြည် | အတွင်းရေးမှူး | |
| ၄ | ဦးသိန်းထိုက် | ဘဏ္ဍာရေးမှူး | |
| ၅ | ဦးရွှေဘိုစိန် | အဖွဲ့ဝင် | |
| ၆ | ဦးခင်ဝင်း | အဖွဲ့ဝင် | |
| ၇ | ဦးစောကျော်စိုး | အဖွဲ့ဝင် | |
| ၈ | ဦးနေကျော်ကော် | အဖွဲ့ဝင် | |
| ၉ | ဦးအောင်ခင်တင့် | အဖွဲ့ဝင် | |

ရွာဟောင်းကြီးကျေးရွာအုပ်စု၊ စာရေးကွင်းကျေးရွာ၊ ကျေးရွာကော်မတီစာရင်း

| **စဉ်** | **အမည်** | **ရာထူး** | **မှတ်ချက်** |
|---|---|---|---|
| ၁ | ဦးကြည်စိုးဝင်း | နာယက | |
| ၂ | ဦးတင်စန်းအောင် | ဥက္ကဋ္ဌ | |
| ၃ | ဦးလှခိုင် | ဒု-ဥက္ကဋ္ဌ | |
| ၄ | ဦးဌေးအောင် | အတွင်းရေးမှူး | |
| ၅ | ဦးစံမြိုင် | ဘဏ္ဍာရေးမှူး | |
| ၆ | ဦးတိုးဝင်း | စာရင်းကိုင် | |
| ၇ | ဦးမျိုးမင်းဇော် | စာရင်းစစ် | |
| ၈ | ဦးအုန်းလှိုင် | အဖွဲ့ဝင် | |
| ၉ | ဦးကိုမျိုး | အဖွဲ့ဝင် | |

ပြည်နယ်/တိုင်း – ဧရာဝတီတိုင်းဒေသကြီး ရက်စွဲ –

မြို့နယ် – ပုသိမ်မြို့

ကျေးရွာအုပ်စု –မဒေါ့ကုန်းကျေးရွာအုပ်စု

ကျေးရွာ –ကွင်းလေးကျေးရွာ

## (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၄ | ၁ | ၅ | |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၉ | ၁၅ | ၃၄ | |
| ၅ နှစ်မှ ၉နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၆ | ၁၃ | ၂၉ | |
| ၁၀ နှစ်မှ ၁၄နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၃ | ၁၁ | ၂၄ | |
| ၁၅ နှစ်မှ ၆၀နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၃ | ၉၈ | ၁၈၁ | |
| ၆၀နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၁၃ | ၂၅ | |
| **စုစုပေါင်း–** | | **၁၄၇** | **၁၅၁** | **၂၉၈** | |
| **စုစုပေါင်း အိမ်ထောင်စု – ၅၄** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၅** | | | |

ရင်းမြစ်…(၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ အထက်ပါဇယားအရ ကွင်းလေးကျေးရွာတွင် လူဦးရေ စုစုပေါင်း (၂၉၈) ယောက် ရှိပါသည်။ ၁၅နှစ်မှ ၆၀ နှစ်အထိ အလုပ်လုပ်နိုင်သော အရွယ်မှာ ကျေးရွာလူဦးရေထဲတွင် အများဆုံးဖြစ်ပါသည်။ ကျပန်းလုပ်ကိုင်သူဦးရေများပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁)လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

| စ | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | တွဲဖက် | မှတ်ချက် |
|---|---|---|---|---|

| ဥ | | အိမ်ထောင်စု | % | မိသားစု ဝင်ဦးရေ | အလုပ် အကိုင် | |
|---|---|---|---|---|---|---|
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | | ၂ | ၂ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |

| စဉ် | လုပ်ငန်းများ | အစိက အလုပ်အကိုင် | | | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်ဦးရေ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်ဦးရေ | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၂ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၃ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၄ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၆ | ပညာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်ဦးရေ | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၂၀ | **ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies. etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| | **စုစုပေါင်း** | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ အဓိကလုပ်ငန်းမှာ လယ်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။

အလုပ်သမားရှားခြင်း၊ လုပ်အားခများပိုမြင့်လာခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များမရှိခြင်းစသည့် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ ရာသီအလိုက်ကျပမ်းအလုပ်သမားများအနေဖြင့် ကိုယ်ပိုင်မြေမရှိခြင်းတို့ကြောင့် အချိန်မီစိုက်ပျိုးနိုင်ခြင်းမရှိခြင်းများ တွေ့ရပါသည်။

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခ နှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခ နှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ | နေ့စား | | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု၊ လယ်သမားအုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အမျိုးသမီးလုပ်အားခမှာ အမျိုးသားများထက် လျော့နည်းကြောင်း တွေ့ရပါသည်။

### (၁.၃) သဘာဝ ရင်းမြစ်များ

#### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

